

မြမုလဲဝင်
အချစ်ညီမျှခြင်း
MAUNG MAUNG THIKE

# အပိုင်း (၁)

# မြူနှင်းဝေ၏ ဘဝစာမျက်နှာများ

## အခန်း (၁)

"သစ္စာတရားဟာ လက်နက်မပါပဲ ကမ္ဘာကို လှည့်ပတ်သွားတယ်တဲ့ ဇင်သစ်၊ နင်လဲ သစ္စာတရားကို လက်ကိုင်ထားမယ် ဆိုရင် ဘယ်သွားသွား ငါစိတ်ချပါတယ်"

"မြူရယ်...ပြောတတ်လိုက်တာ"

ဇင်သစ်သည် နန်းဆန်ဆန်နှင့် အလှကျက်သရေ ကြွယ်နေသော ချစ်သူမြူနှင်းဝေကိုကြည့်ပြီး မည်သို့ စကားဆက်ရမှန်း မသိအောင် ဖြစ်နေသည် ။

အမှန်ဆိုလျှင် မြူနှင့် သူသည် ဤခရီးသို့ အတူလိုက်ပါသင့်သည် ။ သို့ဆိုလျှင်...အဘယ်မျှ ပျော်ရွှင်ဖွယ်ကောင်းသောခရီး ဖြစ်ချေမည်နည်း ။

"ကိုဇင်သစ်ကို စိတ်မချဖြစ်နေသလား မမနှင်း၊ စိတ်သာချ၊ ရုတ်ရုတ် လုပ်လို့ ကတော့ ဂုတ်ဂုတ်ဖြစ်သွားမယ်၊ ဒီမှာ ပန်း ပွင့်တစ်ယောက်လုံး

ပါနေတာပဲ၊ ဘယ်ရလိမ့်မလဲ"

"လုပ်ပြီ ပန်းပွင့်ကတော့"

ဇင်သစ်က ပန်းပွင့်ဖြူကို မကျေနပ်စွာ ပြောလိုက်သည် ။ နေရာတကာပါသည့် ကောင်မလေး။

"ပန်းပွင့်မပါလဲ ဇင်သစ်ကို မမက စိတ်ချပြီးသားပါ၊ ပန်းပွင့်ပါတော့ ပိုကောင်းတာပေ့ါ"

"ကိုဇင်သစ်အတွက်ကတော့ ဟုတ်ပါပြီ၊ ညည်းလဲပါတော့ မလှုပ်ဝံ့ပါဘူး၊ ညည်းစိတ်မချရမှာ က ဟောဒီအကောင် ကင်း ခြေများ . "

ဇင်သစ်က သူ့ဘေးမှာ အလိုမကျဟန်နှင့် စီးကရက်ဖွာကာ ငြိမ်သက်နေသော ရန်နိုင်၏ ပခုံးကိုပုတ်၍ ပြောလိုက်သည် ။

ထိုအခါ ပန်းပွင့်၏ လှပသောမျက်စောင်းကလေးက ရန်နိုင့်ထံ ပစ်လွှတ်လိုက်သည် ။

"ဒီမြို့မှာ ပန်းပွင့်ထက် သာတဲ့ လူရှိလို့ ကတော့ လိုက်ပါ၊ ရပါတယ်၊ ပန်းပွင့်က အချစ်အတွက် ငိုမည့် လူစားမျိုးမဟုတ် ဘူး၊ မျက်ရည်နှမြောတယ်"

"ဟဲ့...ပန်းပွင့်၊ နင် ဘယ်လိုပြောလိုက်တာလဲ"

လူတစ်ဖက်သားကို အားနာ သနားတတ်သော မြနှင်းဝေက ညီမ ပန်းပွင့်ဖြူကို မာန်မဲလိုက်သည် ။

ရန်နိုင်ကအပြုံးမပျက် စီးကရက်ကိုသာ အသာတောက်ကာ လွှတ်ချပြီးမှ ဝေ့ါကင်းရှူးဖိနပ်ဦးဖြင့် ထိုးခြေလိုက်သည် ။

"ကိစ္စမရှိပါဘူး မဖြူနှင်းဝေ၊ သူက ကျွန်တော့်စကားနဲ့ ကျွန်တော့်ကို အနိုင်ပြန်ယူတာလေ၊ ဘဲစား ဘဲချေပေ့ါ၊ ကြေပြီ နော် ပန်းပွင့်"

"ဟွန်း...ခွဲခါနီးမို့လို့ ကျေအေးလိုက်တာ"

ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်မည့် ဇင်သစ်နှင့် ပန်းပွင့်ဖြူသည် ကိုယ်စီကိုယ်ငှသော ချစ်သူများ နှင့် ခွဲရမည့် အရေး ထက် ရထားအလာ ကို စိတ်စောနေကြသည်။

မြို့လေးကျဉ်းကျဉ်း ကျောင်းကျဉ်းကျဉ်းမှ သည် ကျယ်ဝန်းသော၊ လူမျိုးစုံသော၊ ဘာသာရပ်စုံ အတတ်စုံသော ရန်ကုန် တက္ကသိုလ်ဝန်းအတွင်း ခြေချရတော့မည့် သူများ ဖြစ်သည့် အားလျော်စွာ ဘဝသစ်အတွက် ရင်ခုန်လှိုက်မောမိကြသည်။

ကိုယ်စီကိုယ်ငှသော ချစ်သူများ နှင့် ခွဲရမည့် အရေးအတွက် ပူဆွေးဝမ်းနည်းမှု မဖြစ်သည် မှာ တော့ သေချာသည်။

ထာဝရခွဲခွာခြင်းမှ မဟုတ်ပေပဲ ပညာရေးအတွက် ခေတ္တခဏခွဲခွာခြင်းဆိုတော့ လွမ်းလောက်စရာ မဖြစ်ဘူး ထင်ပါသည်။

"ဇင်သစ်..နင့်အတွက် ဘာလချောင်ကြော်နဲ့ သရက်သီးသနပ် ထည့်ပေးလိုက်တယ်၊ ဟိုကျမှ ပန်းပွင့်ပေးလိမ့်မယ်"

"ရပါတယ်ဟာ၊ ငါကယောကျ်ားလေးပဲ၊ အစားအသောက် ဇီဇာမကြောင်ပါဘူး"

"ဇီဇာမကြောင်ရင်လဲ ပန်းပွင့်ပဲ စားလိုက်တော့မယ်"

"ရပါတယ် စေတနာမပါရင်လည်း မစားရုံပေ့ါ"

"မလုပ်ရဲပါဘူး၊ တော်ကြာ မမနှင်းက စိတ်ဆိုးပြီး ထပ်မလုပ်ပေးလို့

မောကြောဆိုက်နေပါဦးမယ်၊ ဟော..အလံချိုးထား ပြီ"

ပန်းပွင့်ဖြူအာရုံသည် မော်လမြိုင်ဘက်မှ လာသောရထားဆီသို့သာ ရောက်ရှိနေသည် ။

ရန်နိုင်က နောက်ထပ် စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း ပန်းပွင့်ဖြူကို မသိမသာ ငေးကြည့်လိုက်သည် ။ ခေတ်နှင့် အညီ ပြင်ဆင်ထားသော ပန်းပွင့်ဖြူအလှမှာ တောက်ပစွာ ဝံ့ထည်နေသည် ။ ရန်ကုန်တက္ကသိုလ်၌ လည်း အလှဘုရင်မတစ်ပါးအဖြစ် ဝင်ရောက်တိုးဝင်နိုင်သော အလှမျိုးဖြစ်သည် ။

ပျားပိတုန်းတို့ ရစ်ဝဲခြင်း၏ ဒဏ်ကိုမှ ခံနိုင်ရည်ရှိပါ့မလားဟု တွေးတောမိကာ စိတ်ပူသွားသည် ။

သူငယ်ချင်းဘဝမှ နေ၍ ချစ်သူဘဝသို့ ကူးပြောင်းသည် မှာ မကြာတတ်သေးသဖြင့် အခေါ်အဝေါ်များက သူငယ်ချင်းလို ပင် သုံးစွဲနေဆဲဖြစ်ရာ...

"ပန်းပွင့်"

လှပသော မျက်လုံးရွဲကို ထောင့်ကပ်ကြည့်ပြီးမှ ..

"ဘာလဲ"

"ဟိုရောက်ရင် အပေါင်းအသင်း ကြည့်ပေါင်းနော်"

"အံမယ်..ငါ့ကိုဆရာမလုပ်ပါနဲ့ ၊ ငါသိပါတယ်"

"သိရင်ပြီးရော၊ ဘဝင်မြင့်ပြီး အောက်ခြေ မလွတ်စေနဲ့ ၊ ဒါပဲ ငါမှာချင်တယ်"

"ဘဝင်မြင့်မယ့်ရုပ်လားလို့ သေသေချာချာ ကြည့်ထား"

ဇင်သစ်နှင့် မြူနှင်းဝေ ပြုံးလိုက်မိသည် ။ ခွဲခွာခါနီးခံစားနေရသော အလွမ်းရသတို့ သည် ဘယ်ဆီသို့များ ပြေးကပ်ခို အောင်းနေသည် မသိ လိုက်တော့၊ ရန်နိုင်နှင့် ပန်းပွင့်ဖြူတို့ အတွဲကိုကြည့်ပြီး ရယ်ချင်နေသည် ။

"သေသေချာချာကြည့်ပြီး သိထားလို့ မှာ နေတာပေ့ါ၊ ထပ်မှာ မယ်၊ ရည်စားတစ်ထောင် လင်ကောင်းတစ်ယောက်ပုံစံမျိုး ချိုးခဲ့လို့ ကတော့ ဆောရီးပဲနော်"

"ရန်နိုင်နော်…နင်လွန် လာပြီ"

"အဟတ်…ဟတ်..ဒါကတော့ မှာ ရမယ်လေ၊ ရန်နိုင်တို့ ကတော့ မိန်းမကောင်းပန်းပန် တစ်ပွင့်သာပန်တဲ့ သူမျိုးပဲ မဟေသီအဖြစ် တင်မြှောက်မှာ နော်"

"ကြီးကြီးကျယ်ကျယ် ဖင်ခေါင်းစတားပဲ"

"နင်သိတယ်လား၊ ဘယ်တုန်းကလဲ"

ရန်နိုင်က မျက်လုံးပြူးကာ တအံ့တသြပုံစံ လုပ်ပြသောအခါ ပန်းပွင့်ဖြူ၏ လက်သီးဆုပ်နုနုလေးသည် ရန်နိုင့်ကျော ပေါ်သို့ ကျရောက်သွားလေသည် ။

"တော်ကြပါတော့ကွယ်၊ ရထားဝင် လာပြီထင်တယ်၊ လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေပြီ"

"အေး..ဟုတ်တယ်"

သထုံတွဲ၌ တက္ကသိုလ် သွားကြမည့် သူများ နှင့် သာ ပြည့်နှက်နေသည် ။ ကျောင်းသားဟောင်းတို့ ၏ ဦးဆောင်မှုဝယ် ဇင်သစ်တို့လို မောင်မယ်သစ်လွင်တို့ နေရာ ရသွားကြသည် ။ ပစ္စည်းများ လည်း

နေရာကျသွားတော့မှ ပြတင်းပေါက်မှ နေ၍ ဇင်သစ်နှင့် ပန်းပွင့်ဖြူ ခေါင်းပြူကာ နှုတ်ဆက်နိုင်တော့သည် ။

ထိုအခါကျမှ ပန်းပွင့်ဖြူထံမှ ကြေကွဲပွင့် မျက်ရည်စက်များကို တွေ့လိုက်ရသည် ။

"ငါနဲ့ ခွဲရတာ စိတ်မကောင်းလို့ ငိုတာလား၊ မငိုနဲ့ တိတ်တိတ်၊ ချစ်သူရဲ့ အလွမ်းမျက်ရည်ဆိုတာ တစ်ဖက်သားကို ပူလောင်နှောင်ဖွဲ့စေတတ်တယ်"

"အံမယ် ဟုတ်လိမ့်မယ်၊ ငါက မမအတွက် စိတ်မကောင်းလို့ များ "

"ဩော်...မသိပါဘူးငါက"

ရန်နိုင်သည် စကားတန့်သွားသည် ၊ သူနှင့် ဘေးတွင် ရပ်နေသော မြူနှင်းဝေ၏ မျက်လုံး၌ ပုလဲဥရည်တို့ တွဲခိုနေသည် ။

ဟုတ်ပေသားပဲ၊ ဂုဏ်ထူးနှစ်ခုနှင့် အောင်မြင်သော မြူနှင်းဝေက တက္ကသိုလ်ဆက်မတက်ပဲ ကျန်းမာရေးသိပ်မကောင်း သောဖခင်၏ စီးပွားရေး၌ သာ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သည် ။ ဂုဏ်ထူးတစ်ခုမှ မပါသော ညီမပန်းပွင့်ဖြူကိုတော့ တက္ကသိုလ် ဆက်တက်စေသည် ။ အကြီးပီပီ အနစ်နာခံခြင်းဖြစ်ပေမည်။

"ရန်နိုင်"

"အင်"

"မြူတို့ အိမ်မှာ ယောကျ်ားသားဆိုလို့ အန်ကယ်ပဲရှိတာ၊ လိုအပ်တဲ့ အကူအညီလေးတွေ ငါ့ကိုယ်စား မင်းပဲ ဆောင်ရွက် ပေးပါ"

"အေးပါ ငါသိပါတယ်၊ ဒါပဲလား၊ မြူ့ကိုကောဒီအတိုင်းပစ်ထားရမ

လား"

"မှာ စရာမလိုပဲ၊ မင်းက သူငယ်ချင်းကောင်း ပီသတဲ့ သူဆိုတာ ငါသိနေတာပဲကွာ"

"ပန်းပွင့်၊ ကျန်းမာရေးဂရုစိုက်နော်၊ သွားလာစရာရှိရင် ဇင်သစ်ကို ခေါ်သွား၊ စာမှန်မှန်ရေး၊ ငွေက လူကြုံနဲ့ ပို့ပေးမယ်၊ ရန်နိုင်တို့ အိမ်က ကားကြုံလည်း ရှိနေတာပဲ"

"စိတ်ချပါမမ၊ မမက အနစ်နာခံပြီး ပန်းပွင့်ကို ဦးစားပေးထားတဲ့ အခွင့်အရေးကို လက်လွှတ်စပယ် ပန်းပွင့်မသုံးပါဘူး"

ဘော်ဘူ…ဘော်ဘူ…

ရထားဥသြသံနှင့် အတူ ရထားဘီး တစ်လိမ့်လိမ့် ရွေ့လျားသွားသောအခါ…

"မမ…တာ့တာ၊ ရန်နိုင်သွားမယ်"

ပန်းပွင့်၏ မျက်ရည်ကြားက နှုတ်ဆက် အပြုံးသည် လည်း ရထားနှင့် အတူ လိုက်ပါသွားသည်။

"မြူ…ရန်နိုင်သွားပြီ"

"အင်း"

မချိပြုံးလေးနှင့် မြူနှင်းဝေသည် ခေါင်းကလေး အညိတ်၌ ပုလဲလုံးများ ခုန်ဆင်းသွားသည်။

ဩော်…လူငယ်တွေပဲ၊ ပျော်ရွှင်ဖွယ်ရာ ရင်ခုန်ဖွယ်ရာများ နှင့် ပြည့်နှက်နေသည် ဆိုသော အမိတက္ကသိုလ်သို့ မတက်ချင်သူ အဘယ်မှာ ရှိပါအံ့နည်း။ မိသားစုအတွက် ညီမအတွက်၊ အစ်မကြီးအမိအရာ ပီသစွာ အ

နစ်နာခံလိုက်သော မြူနှင်းဝေကို ကရုဏာ သက်စွာဖြင့် ရန်နိုင်ကြည့်လိုက်မိသည် ။

ငွေရည်ဥတို့ တွဲလွဲခိုနေသော မျက်တောင်ကော့ကို လှန်အကြည့်၌ အကြည့်ခြင်းဆုံသွားသည် ။

"ပြန်တော့မယ် ရန်နိုင်"

"ဘာနဲ့ ပြန်မလဲ"

"ဆိုက်ကားနဲ့ ပဲ"

"ကျွန်တော့်ဆိုင်ကယ်နဲ့ လိုက်ခဲ့ပါလား"

ဘာကြောင့် ရယ်မသိ၊ မြူနှင်းဝေကို ရင်းရင်းနှီးနှီးနှင့် ၊ ငါဟု သူသုံးရမှာ အားနာသလို ဖြစ်ခဲ့သည် မှာ ယခုထက်ထိ။

"မလိုက်ချင်ဘူးရန်နိုင်၊ မြူဆိုက်ကားနဲ့ ပဲ ပြန်ပါ့မယ်၊ သွားမယ်နော် "

ထပ်မံခေါ်ရန် မကောင်းတော့သဖြင့် သူ ခေါင်းညိတ်လိုက်သည် ။

တစ်ဆက်တည်း သူမနှင့် အတူ ဘူတာရုံမှ ထွက်ခဲ့သည် ။

နှုတ်ဆက်ပြီးသားဖြစ်၍ မြူနှင်းဝေသည် သူ့အားထပ်မံ မနှုတ်ဆက်တော့ဘဲ ဆိုက်ကားတစ်စီးပေါ်တက်၍ ပြုံးပြသွား သည် ။

ဆိုက်ကားသမားသည် အသက်ကြီးကြီးဖြစ်၍ တော်သေးသည် ဟု စိတ်မချနိုင်သည့် အလား သူတွေးလိုက်မိသည် ။

ဆိုင်ကယ်ပေါ်တက် စက်နှိုးလိုက်သည် ။ မြူနှင်းဝေတို့ ဆိုက်ကားနောက်မှ ဖြည်းညင်းစွာ မောင်းခဲ့သော်လည်း မရနိုင် သည့် အဆုံး ကျော်တက်လိုက်သည် ။

ထိီးလေးဆောင်းထားသော မြူနှင်းဝေက သူ့အားမြင်သည် လား၊ မမြင်သည် လား မမှန်းဆနိုင်၊ အပြုံးကိုမမြင်ရ။

ဩော်...ဇင်သစ်အတွက် သူငယ်ချင်းကောင်း ပီသစွာဖြင့်..မြူနှင်းဝေ အတွက် ကိုယ်ရံတော် တပ်မှူးလေး ဖြစ်ရတော့မှာ ပါတကား။

*****

# အခန်း (၂)

ကျေးငှက်တို့ နှင့် တူတူ မြူနှင်းဝေ အိပ်ရာမှ နိုးထလာသည် ။

မျက်လုံးနှစ်ဖက် ပွင့်လာသည် နှင့် မြူအား လုပ်ငန်းစဉ်တို့ တန်းစီစောင့်နေသည် ။

တော်သေးသည် မေမေရှိစဉ်ကတည်းက ရှိနေသော ဒေါ်ကျည်းတန်ရှိနေ၍ နံနက်အရဏ်ဆွမ်းကပ်ကာ ဘုရားဝတ်ပြုပြီး ဖြစ်နေတတ်သည် ။

"ဘာခက်တာ မှတ်လို့ အေ၊ ဆွမ်းတစ်အိုးလောက်တော့ စောစောထ ရင်း တာဝန်ယူပါရစေ" ဟု ဆိုကာ စောစောထ ဆွမ်းချမ်း၊ ရေနွေးတည် ပေးထားလေ့ရှိသည် ။

မြူနှင့် မရှေးမနှောင်း ထတတ်သူက ဒေါ်ကျည်းတန်၏ တူမလေး မိသန်းဖြစ်သည် ။ အိမ်၏ ဗာဟိရ လက်တို လက်တောင်းကိုတော့ မိသန်း လုပ်လေ့ရှိသည် ။

မောင်ဒွေးက အောက်ထပ်တံခါးကို ဖွင့်ထားပြီး ပစ္စည်းများကို နေရာချကာ အောက်ထပ်မှာ ရှိသော ဘုရားပုံတော်ရှေ့ အောင်သပြေပန်း အိုးတင်ပြီး အမွှေးတိုင်နှင့် ဖယောင်းတိုင်ထွန်းကာ ပူဇော်လေ့ရှိသည် ။ တံမျက်လှဲပြီးလောက်ပြီ။

ခြောက်နာရီလောက်ဆိုလျှင် အကူ အလုပ်သမားနှစ်ဦးရောက်လာ

သည် ။ မောင်ဒွေးနှင့် အလုပ်သမားနှစ်ဦး၏ ကုန်မျိုးစုံ ပစ္စည်းများ လက်ကားရောင်းချမှုအပေါ်တွင် ငွေများကို ဒိုင်ခံစာရင်းဖွင့် ဘောက်ချာဖြတ် ငွေသိမ်းတာဝန်ကို မြူနှင့် ဖခင်ကြီး တစ်လှည့်စီ တာဝန်ယူရသည် ။

သွေးတိုးရှိသော ဖခင်ကို မြူတာဝန်သိပ်မပေးချင် မြူထမင်းစား၊ ရေချိုးချိန်နှင့် အခြားသာရေး နာရေးချိန်မှ အပ မြူကိုယ်တိုင်ပင် လုပ်ဆောင်ပေးလေ့ရှိသည် ။ ပန်းပွင့်ဖြူရှိစဉ်က ညီအစ်မနှစ်ယောက် တစ်လှည့်စီပင်။

မျက်နှာသစ်ပြီး ခပ်မြန်မြန်ပင် သနပ်ခါးရေကျဲလူးအဝတ်လဲစဉ် လူသံများ စကြားရသည် ။ ဝယ်သူများ ရောက် လာပြီထင် ပါရဲ့ ။

ဘုရားကို ကမန်းကတန်း ဦးချလိုက်သည် ။

တစ်နေ့တာလုပ်ငန်း စတင်ရန် အောက်ထပ်သို့ ဆင်းခဲ့သည် ။

အောက်ထပ်သို့ ရောက်ရောက်ချင်း မောင်ဒွေးက...

"မမကြီး...ဧည့်သည် "

ရုတ်တရက် အံ့အားသင့်သွားသည် ။

ဝယ်သူထဲကပဲ အသိမိတ်ဆွေထင်ပါရဲ့ ဟု တွေးရင်း ကုန်ခြောက်ထုပ်ကြီးများကို ကွေ့ပတ်ပြီး အရှေ့ဘက် ထွက်ခဲ့သည် ။

မမျှော်လင့်ဘဲ အံ့အားသင့်ခြင်းတို့ ထပ်ဆင်းသွားရသည် ။

"ဟင်....ရန်နိုင်"

"ဟုတ်တယ် မမြူနှင်းဝေ"

လက်ထဲတွင် စံပယ်ကုံးကို တွေ့လိုက်ရသည် ။

ဇင်သစ်ကိုသတိရလိုက်သည် ။ ဇင်သစ် တာဝန်ပေးသွားသည်

ထင်ပါသည်။

"ဟိုကောင် ဇင်သစ်က မနက်တိုင်း မမြူနှင်းဝေကို ပန်းပို့ပေးဖို့ သူ့ညီမတွေကိုမှာ တယ်၊ ဟိုကောင်မလေးတွေကလဲ သိတဲ့ အတိုင်းပဲ၊ အလုပ်ကရှုပ်နေတော့ ပို့ပေးနိုင်မှာ မဟုတ်ဘူး ထင်တယ်၊ ဒါနဲ့ ကျွန်တော်ပဲ ဒီတာဝန်ကိုယူလိုက်တာ"

"အို...ရပါတယ်၊ ရန်နိုင်အချိန်တွေ မြူအတွက် ဖဲ့ပေးရသလိုဖြစ်သွားပြီ"

"ကိစ္စမရှိပါဘူး၊ အချိန်ပို သိပ်မသုံးရဘူး၊ ဒါ ကိုယ်လက်ဖက်ရည်ဆိုင်ထွက်တဲ့ အချိန်ပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ဘာမှ မဆိုင်းတဲ့ မြူအတွက် အချိန်မသုံးစေချင်ဘူး၊ နောက် မပို့ပေးနဲ့ တော့နော်၊ မြူ သိပ်အားနာ တယ်"

ထိုအခါ ရန်နိုင်က မျက်မှောင်ကုတ်လိုက်သည်။ မြူစိတ်မကောင်းဖြစ်တာ...

"မြူက အားနာလို့ ပါ..."ဟု ထပ်ဆင့် တောင်းပန်လိုက်သည်။

"မမြူနှင်းဝေက ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူးလို့ ဆိုလိုတာလား"

"ဟို....မြူအားနာလို့ ပါ"

ရုတ်တရက် ဘာပြောရမှန်းမသိ၍ ထပ်နေသော အသုံးအနှုန်းကိုပင် ထပ်သုံးလိုက်သည်။

"မမြူနှင်းဝေနဲ့ ကျွန်တော်ဟာ သူငယ်ချင်း၊ ပြီးတော့...အဲ...ဘာလဲ၊ နောင်ကို အဟင်း၊ အမျိုးတော်ရမယ့်သူတွေဆို တော့ ရင်းရင်းနှီးနှီးပဲပေါ့ဗျာ၊ တစ်ယောက်ရဲ့ ကွက်လပ်ကို တစ်ယောက်ဖြည့်

ပေးရမှာ သူငယ်ချင်းကောင်းရဲ့ ဝတ္တရား မဟုတ်လား"

"ကျေးဇူးတင်ပါတယ်၊ မြူသဘောပေါက်ပါပြီ"

မြူက စိတ်ရှုပ်ထွေးခြင်းကြားက ပျော်ရွှင်သလို ဖြစ်သွားသည် ။ ရန်နိုင်သည် ယခုလိုဆိုတော့လည်း မာနမကြီးပဲ ဖော်ရွေ တတ်သူပါတကား ။

"သူငယ်ချင်းတွေကြားမှာ စိမ်းကားခြင်းကို ဖြစ်ပေါ်စေတတ်တဲ့ စကားလည်း မသုံးစေချင်ဘူး"

"မြူ ဘာစကားသုံးမိလို့ လဲ"

"ကျေးဇူးတင်ပါတယ်ဆိုတာလေ၊ ကျွန်တော်က နေ့တိုင်းပန်းလာပို့မယ်၊ အဲဒီတော့ မမြူနှင်းဝေက နေ့တိုင်း ကျေးဇူး တင်ပါတယ်ဆိုတဲ့ စကားပြောနေမယ်၊ သူစိမ်းဆန်စွာ အရစ်ရှည်နေမယ်၊ ကျွန်တော့်မှာ လည်း အဲဒီကျေးဇူးတွေ ထားစရာနေရာ မရှိတော့ဘူး၊ ဂိုထောင်တစ်လုံး ထပ်ရှာနေရဦးမယ်၊ အလုပ်ရှုပ်တယ်"

ခပ်တည်တည်နှင့် ရယ်စရာပြောတတ်သော ရန်နိုင့်စကားကြောင့် မြူပြုံးလိုက်မိသည် ။

"ဒီလိုဆိုဖြစ်ပါတယ်၊ မြူ လေကုန်သက်သာသွားတာပေ့ါ၊ ဒါပေမဲ့ ရန်နိုင် လေကုန်များ နေဦးမှာ ပဲ"

"ဘာဖြစ်လို့ လဲ"

"မမြူနှင်းဝေနဲ့ ကျွန်တော့်ကြောင့် လေ၊ သူငယ်ချင်းတွေကြားမှာ ဒါတွေမသုံးသင့်ဘူးထင်တယ်"

"အဟတ်"

ပါးစပ်ပိတ်ကာ ရယ်ဟန်ပြုသောအသံကြောင့် မြူနှင်းဝေ ရန်နိုင်ကို စူးစိုက်ကြည့်လိုက်သည် ။ ဘာတွေများ ဆင်ခြေ ပေးဦးမည်မသိ။

"လေးစားသမှုနဲ့ ခေါ်တာပါ၊ အစ်မကြီးအမိအရာလေ၊ အဟင်း… သွားမယ်"

"အိုး…ကြည့်စမ်း၊ ဒီကောင်လေး" ဟု စိတ်တွင်း၌ သာရေရွတ်လိုက်နိုင်သည် ။ ဆိုင်ကယ်ခွကာ မဆင်းပဲ စကားရှည်စွာ ပြောသွားပြီး စံပယ်ပန်းကုံးထည့်ထားသော ပလပ်စတစ်အိတ်လေးကို ရွက်လှအိုးပေါ်သို့တင်ပြီး ဝူးခနဲ စက်နှိုးကာ ထွက်ခွာသွား သည် ။

အနိုင်နှင့် ပိုင်း ထွက်သွားခြင်းဖြစ်သည် ။ မိမိပြောင်းလဲခေါ်စေချင်သည့် နင်၊ ငါကိုမသုံးပဲ သူကြိုက်သလိုဆက်ခေါ်မည်ဆို သည့် သဘော၊ ဒီအတွက် မြူရန်နိုင်ကိုမကျေနပ်ချင်။

သို့သော် သူ့အကြောင်းပြချက်က ခိုင်လုံနေပြန်သည် ။ ရှိပါစေတော့လေ။ သူ့ဘာသာသူ မဆောမပန်းပဲ ‘မမြူနှင်းဝေ’ ဟု ခေါ်နေလျှင်လည်း ခေါ်ပါစေတော့၊ ဘယ်အထိခေါ်နိုင်မလည်း စောင့်ကြည့်ရပေဦးမည်။

စံပယ်ကုံးကို ခပ်မြင့်မြင့်ထုံးတင်ထားသော ဆံထုံးထက်၌ ရစ်ခွေကာ ပန်လိုက်သည် ။ ထို့နောက်…

မိသန်းကြော်ပေးထားသော ပဲပြုတ်နှင့် ထမင်းကြော်ကို ကော်ဖီနှင့် မျောချစားသုံးလိုက်သည် ။ ဝယ်သူများ ရောက်ရှိ လာသည် ။ မောင်ဒွေးနှင့် နှစ်ပါးသွားနေနှင့် ကြပါစေဦး။

ပန်းပွင့်ကို သတိရသွားသည် ။ ပန်းပွင့်ရှိစဉ်က ပန်းပွင့်ကူညီခဲ့သည် ။

ဒဿနိကဘာသာလောက်သာ အမှတ်ဝင်သော ပန်းပွင့်ကို တက္ကသို

လ်ဆက်တက်စေပြီး အာအိုင်တီအမှတ်ဝင်သော မိမိက အလျှော့ပေးကာ စာပေးစာယူဘာသာ ယူမည်ဆိုသဖြင့် အားလုံးက မိမိအပေါ် သနားကြ င်နာကြပြီး ပန်းပွင့်ကို တစ်ကိုယ်ကောင်း ဆန်သည် ဟု မြင်ကြသည် ။

ပန်းပွင့် တစ်ကိုယ်ကောင်းဆန်ခြင်း မဟုတ်ရှာပါ။ သူက မိမိအား တက္ကသိုလ်တက်ပါ။ သူစာပေးစာယူသာ တက်ပါမည် ဟု ပြောရှာသည် ။

မိမိလက်မခံနိုင်ပါ။ အစ်မကြီးသည် အမိအရာသာပီသရမည်။ အာအို င်တီတက်ဖို့ လည်း မိမိဝါသနာမပါ။

မိမိတို့ အား ရွှေ၊ စိန်၊ ငွေမရှား ထားနိုင်သော မိရိုးဖလာကုန်သည် ပွဲ ရုံလုပ်ငန်း၏ ကြီးပွားမှုကိုသာ မိမိ စိတ်ဝင်စားသည် ။

မိမိတို့ ညီအစ်မနှစ်ဦးကိုင်ငွဲကွက်ပြီး အိမ်ထောင်သစ် မထူထောင် သော ဖခင်ကြီး၏ ကျေးဇူးတရားကို ထောက်ထားရမည်။ သွေးတိုးရှိနေ သော ဖခင်ကြီး မတော်တဆ တိမ်းပါးသွားခဲ့လျှင် နောင်မှ ရသော နော င်တမျိုးမလိုချင်။

ထို့ကြောင့် စောစီးစွာပင် ဖခင်ထံမှ ပခုံးပြောင်း တာဝန်ယူလိုက်သ ည် ။ စာပေးစာယူနှင့် တက်လည်း ဘီကွမ်းဘွဲ့တော့ အသာလေးရပြီ။

မိမိစာပေးစာယူ အနီးကပ်သွားတက်လျှင် ပန်းပွင့်ဖြူတို့ ကျောင်းပိ တ်ချိန်ဖြစ်သည် ။ ဖခင်ကို ဝန်ထုပ်မပိ၊ ထို့ကြောင့် မိမိ စာပေးစာယူပဲယူ ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည် ။

မိမိထက် တစ်နှစ်ကျော်မျှသာငယ်သော ပန်းပွင့်ဖြူလည်း အသိတ ရားရှိသူပါ။ ခေတ်ဆန်သောသူ ဖြစ်ခြင်းကြောင့် ၊ ပတ်ဝန်းကျင်က ခပ် ပေ့ါပေ့ါ တစ်ကိုယ်ကောင်းဆန်သူဟု မြင်ကြသည် ။

ပန်းပွင့်ဖြူက အရေးမစိုက်။ သူနေတတ်သလိုနေသည် ။

မိမိကလည်း ပန်းပွင့်ဟာ တစ်ကိုယ်ကောင်းသမားမဟုတ်ပါဘူးဟု လိုက်ဖြေရှင်းမနေနိုင်။ ကိုယ့်အလုပ်နှင့် ကိုယ်မအား။

"မမကြီးရေ လာပါဦးဗျ၊ ဟိုကောင်တွေ မရောက်သေးဘူး"

"အေးအေး လာပြီ ဖူး..."

ပန်းပွင့်ကို သတိရပြီး အတွေးရေယာဉ်ကြော မျှောပါချင်တိုင်း ပါနေရာမှ မောင်ဒွေးအသံကြောင့် ထမင်းနင်သွားပြီး ရေနွေးကောက်မော့လိုက်ရာ ပူသွားသဖြင့် ဖူးခနဲ မှုတ်ထုတ်ပြီး အပြေးတစ်ပိုင်း ထွက်ခဲ့ရသည် ။

ငွေရသလောက် လူရောစိတ်ပါ မနားရသည့် ကုန်မျိုးစုံဆိုင်ထဲ ဝင်ရောက်လိုက်သည် နှင့် အနံ့ပေါင်းစုံ ဆီးကြိုနေသည် ။ ယဉ်ပါးနေပြီဖြစ်သဖြင့် နှာချေနေဖို့ မအားတော့၊ ထိုကြားထဲ ထိုးဖောက်ဝင်ရောက်လာသော စံပယ်နံ့လေးက ရင်ကိုအေးမြသွားစေ သည် ။

ဩော်ဇင်သစ်ရယ်...

ဟင် ဟုတ်ပါဘူး ရန်နိုင်ပေးတာ...

အား ဘယ်သူ့ကို ကျေးဇူးတင်ရမှာ လဲ...

ပန်းပေးဖို့ မှာ သွားသူကိုလား...

လိုလိုချင်ချင် ပန်းတော်ဆက်သူကိုလား...

မသိတော့အောင်ပင်။

"အကြီး မြစ်သားလတ် အချိန် ၁၀"

"ဩော် အေး"

မြို့၏ ပုံ့လွင့်မှုများ သည် ဆီ ငရုတ်သီး၊ ကြက်သွန်၊ အာလူး အစရှိသည် တို့ နှင့် ငွေများ ဆီဟု ပြန်လည်ရောက်ရှိသွား လေပြီ။

*****

# အခန်း (၃)

မည်မျှ အလုပ်မအားသည် ဖြစ်စေ ကြာသပတေးနေ့တိုင်း သက်သတ်လွတ်စားကာ ဘုရား၌ အရဏ်ဆွမ်းကပ်ပြီး ဖခင် သက်စေ့ဆီမီးထွန်း၊ ပန်းကပ်၊ သောက်တော်ရေ၊ မျက်နှာသစ်တော်ရေကပ် အမွှေးတိုင်ကပ်လှူပြီး ပုတီးစိပ်လေ့ရှိသည် ။

ပန်းပွင့်ဖြူ ရှိစဉ်ကတော့ ညီအစ်မနှစ်ယောက် မြသပိတ်တောင်ပေါ်တက်ကာ ကုသိုလ်ယူလေ့ရှိသည် ။

ယခုတော့ တစ်ယောက်တည်းဖြစ်၍ မြို့လယ်ရွှေစာရံဘုရား၌ သာ ကုသိုလ်ယူရလေတော့မည်။

ဘယ်ဗုဒ္ဓဘာသာဝင်က ဘယ်ကဘယ်လို စထွင်ခဲ့သည် မသိ၊ ရက်ရှည်သို့မဟုတ် သက်စေ့၊ သို့မဟုတ် မွေးနေ့၌ သက်သတ် လွတ်စားချင်းဖြင့် ကုသိုလ်ယူကြသည် ။

ထူးခြားသွားသည် က ဖခင်ကြီး ဦးပန်းအောင်သည် ကြာသပတေးသား ဖြစ်သကဲ့သို့ မြူတို့ ညီအစ်မနှစ်ဦးကလည်း ကြာသပတေးဖြစ်နေခြင်းပင်။

တစ်ပတ်မှာ တစ်ရက်မျှတော့ သက်သတ်လွတ်စားဖြစ်လေသည် ။

ဥပုသ်နေ့ဖြစ်သော လပြည့်လကွယ်နှင့် ရှစ်ရက်ဥပုသ်များ ပါ ဖခင်ကြီးက ဥပုသ်စောင့်လေ့ရှိသည် ။ မြူနှင်းဝေကတော့ မစောင့်နိုင်

တော့ချေ။

လှုပ်ရှားရုန်းကန်ရင်း စားကောင်း သောက်ကောင်းနေသည် ။

"ဘယ်လဲ မမြူနှင်းဝေ"

စက်ဘီးဘေးနားသို့ကပ်၍ ပေါ်လာသော အသံကြောင့် မြူငဲ့စောင်းကြည့်လိုက်သည် ။ ရန်နိုင်အသံဟု တော့ ထင်သလိုလို ရှိသည် ။

ထင်သည့် အတိုင်း ရန်နိုင်။

"ရွှေစာရံဘုရားလေ"

"မြသပိတ်မသွားတော့ဘူးလား"

ကြည့် ရန်နိုင်သည် မိမိတို့ ထုံးစံများကို အလိုလိုသိရှိနေပါလား။

မဆန်းပါဘူးလေ။ ပန်းပွင့်ချစ်သူပေပဲ၊ ပန်းပွင့်ပြောထား၍ သိနေသည် ထင်ပါ၏။

"မသွားတော့ဘူး။ ပန်းပွင့်မှ မရှိပဲ"

"ပန်းပွင့်မရှိတော့ ဘာဖြစ်သလဲ"

"အဖော် မရှိတော့ တစ်ယောက်တည်း မလျှောက်ချင်ဘူးပေါ့"

"ပန်းပွင့်ကိုယ်စား ကျွန်တော်က အဖော်လိုက်ပေးမယ်ဆိုရင်ကောဗျာ"

"ပိုပြီးတော့ မသွားသေးတယ်"

"ဘာဖြစ်လို့ လဲ"

"မြူနဲ့ ရန်နိုင့်အကြောင်း မသိတဲ့ သူတွေက

ရှယ်တူသူစိမ်းယောက်ျားလေးနဲ့ မိန်းကလေး အတူ တွဲသွားတာတွေ့ရင် အတွဲလို့ ပဲထင်မှာ ပေါ့"

"မမြူနှင်းဝေက ပတ်ဝန်းကျင်ကို ဂရုစိုက်တယ်လား"

"စိုက်တယ် လူဆိုတာ ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့ မရဘူး"

စက်ဘီးကို ညင်သာစွာ ယှဉ်လျက် နင်းခဲ့ရင်းမှ ရန်နိုင်ကစကားဆက်သည် ။

"ပတ်ဝန်းကျင်နဲ့ ကင်းကွာဖို့ ရန်နိုင်ဆိုလိုတာ မဟုတ်ဘူး ပတ်ဝန်းကျင်ကို ဂရုမစိုက်ဖို့ ဆိုလိုတာ ပတ်ဝန်းကျင်ဆိုတာ အကောင်းမြင်ခြင်းထက် အဆိုးမြင်ခြင်းက များ တတ်တယ်။ ဒါကို ဂရုစိုက်နေရင် လွတ်လပ်ခြင်းကို ဆုံးရှုံးစေတယ်၊ ဒါကြောင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဖို့ ကျွန်တော်က ဆိုလိုတာပါ"

မြူလက်ခံပါသည် ။ သို့သော် မိန်းမသားစိတ်ကြောင့် မဝံ့မရဲတော့ဖြစ်မိတတ်သည် ။ မိန်းမဟူသော ဇီဇစိတ်ကိုကပင် ယောက်ျားတွေလောက် ပြတ်သားမှုမရှိတတ်။

"ကြာသပတေး သားသမီးအတွက် ကောင်းမှုပြုခြင်းဟာ ကြာသပတေးနံ ဘုရားဖြစ်တဲ့ မြသပိတ်စေတီပေါ်တက်ရင် ပိုမကောင်းဘူးလား အဖော်လဲရှိနေပြီပဲ"

"ကောင်းပြီလေ ရန်နိုင် အဖော်လိုက်ပေးရင်သွားမယ်"

စက်ဘီးကိုပြန်ကွေ့လိုက်သည် ။ ပတ်ဝန်းကျင်ဟူသည် ။ ချီးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ ခုနှစ်ရက်ပါပဲ၊ ကိုယ်ကောင်းလျှင် ခေါင်းမရွေးဘူးဟု မြူခံယူလိုက်သည် ။

နဂိုကတည်းက မြသပိတ်ဘုရားသို့သာ သွားချင်နေသော ဆန္ဒရှိနေခဲ့

သည် လည်း ပါသည်။

"ရန်နိုင်က ဆိုင်ကယ်နဲ့ မလာတော့ပါလား"

"ဆိုင်ကယ်နဲ့ ဆိုရင် မမြူနှင်းဝေ လိုက်စီးမှာ မဟုတ်တဲ့ အတူတူ ပို အဆင်ပြေအောင် စက်ဘီးနဲ့ ပဲလာခဲ့တာ"

"ဩော်"

ရန်နိုင်၏ အကွက်ကျ စီမံတတ်မှုကို မြူကသတိထားလိုက်မိသည်။

"ရန်နိုင်ကျောင်းပြန်တက်တယ်မဟုတ်လား"

"အင်း"

"ရန်နိုင်အတွက် စာကျက်ချိန်တွေ မလျော့ပါးသွားဘူးလား"

မနှစ်က ဆယ်တန်းကျသော ရန်နိုင်အတွက် စိတ်ပူစွာ မြူကသတိပေး စကားပြောလိုက်သည်။ အောင်သူက ရှုံးသူအပေါ် ဆရာလုပ်ခြင်း လည်း မဖြစ်စေရန်သတိထား ပြောလိုက်ရသည်။

"မလျော့ပါဘူး၊ ရန်နိုင်က ညပဲစာကြည့်တတ်တယ်၊ အဲဒါက ဒီနှစ်မှ ကြည့်ဖြစ်တာလေ၊ မနှစ်ကတော့ အပေါင်း အလိုက် ကောင်းနေတာနဲ့ ပဲ စာမကြည့်ဖြစ်တော့ဘူး၊ ဒါပေမဲ့ စာမေးပွဲတစ်ခုတော့ အောင်လိုက်တယ်လေ"

"ဘာစာမေးပွဲလဲ"

"အချစ်စာမေးပွဲ"

"ဒါဖြင့် ရန်နိုင့်ဘဝအတွက် နောက်ဆုံးသော အချစ်စာမေးပွဲလား"

"အားမနာတမ်း ဖြေရမလား"

"ဖြေပါ၊ ပန်းပွင့် အစ်မတစ်ယောက်အနေနဲ့ မေးတာ မဟုတ်ဘူး ၊ သူငယ်ချင်းတစ်ယောက်အနေနဲ့ မေးတာဆိုတော့ အားမနာတမ်း ဖြေပါရန်နိုင်"

မြူက ရန်နိုင့်စိတ်ကို သိသဖြင့် ပြည့်ပြည့်စုံစုံပင် ပြောလိုက်သည် ။

ထိုအခါ ရန်နိုင်က သူ့အားငဲ့စောင်းကြည့်ကာ နှုတ်ခမ်းစေ့ရုံ ပြုံးလိုက်သည် ။

ရန်နိုင်က ပြုံးလျှင်တောင် ခန့်ခန့်ပြုံးတတ်သည် ပဲ။

မပြုံးပဲ အတည်ပေါက် ရွှတ်နောက်နောက် နေသည့် အခါလည်း နှစ်လိုဖွယ်ရာအတိ ရှိနေတတ်သည် ။

ထို့ကြောင့် ရန်နိုင်ဟူသော ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်၏ ညွတ်ကွင်းတွင် သက်ဆင်းခဲ့သူ အပျိုမလေး တော်တော် များများ ရှိခဲ့သည် ။ ထိုအထဲတွင် မိမိညီမ ပန်းပွင့်ဖြူပါ အပါအဝင်ဖြစ်ခဲ့သည် ပင်။ ညီမအတွက် ရတက် မအေးနိုင်သည် ကတော့ အစ်မ၏ ထုံစံထင်ပါသည် ။ ရင်တမမ ရှိခဲ့သည့် ကြားက သူတို့ ချစ်သက်တမ်း ငါးလ ကျော်သွားခဲ့သည် ။ ရန်နိုင့်ရာဇဝင်တွင် အကြာဆုံးသော ချစ်သူဟု တင်စားရမည်ထင်သည် ။

"ပြောလေ ရန်နိုင်"

"ပြောရမှာ အားနာနေတယ်"

"ရန်နိုင်မှာ အားနာတယ်ဆိုတဲ့ စကားရှိသေးတာကိုး"

"အဟား…မမြူနှင်းဝေက
ရန်နိုင့်အကြောင်းတော်တော်ကျက်မိနေပါလား"

"ပန်းပွင့်နဲ့ ပတ်သက်ပြီး လေ့လာသင့်တယ် ထင်လို့ လေ၊ ကဲပါ...မြူ့ အမေးကို အရင်ဖြေပါဦး၊ အားနာလို့ ရှောင်လွဲဖို့ ကြိုးစားနေတာလား"

"အပေါင်း...မဟုတ်ပါဘူး၊ စက်ဘီးအပ်လိုက်ရအောင်"

လက်ဖက်ရည်ဆိုင်၌ စက်ဘီး အပ်လိုက်သည် ။ စိတ်ထဲ၌ မလုံမလဲ ဖြစ်သွားသည် ။ ရန်နိုင်နှင့် လာနေကျ မိန်းကလေး တစ်ယောက် ပြောင်းသွားပြန်ပြီဟု များ ထင်နေမလား။

ဘက်စ်စတစ်ထဲမှ မေမြို့ပန်းစည်းနှင့် အမွှေးတိုင် ဖယောင်းတိုင် ပလတ်စတစ် ဆွမ်းဘူးတို့ ကို ထည့်ထားသော ကျွတ်ကျွတ်အိတ်ကို ထုတ် လိုက်သည် ။

"ပေးလေ၊ ကျွန်တော် ကူသယ်ပေးမယ်"

"ရပါတယ်"

"အိတ်တော့ ပေးပါဗျာ၊ ကူသယ်ခြင်းအတွက် ကုသိုလ်ပါရအောင်လို့ "

"ကုသိုလ်လိုချင်တော့လည်း မျှဝေပေးရတာပေါ့လေ၊"

"ရော့"

ရန်နိုင်က ကျွတ်ကျွတ်အိတ် ဆွဲခဲ့ပေးသည် ။

ပန်းစည်းပဲ သယ်ရသဖြင့် တော်သေးသည် ။

"ကျေးဇူး...ကဲ...ပြောလေ.."

"ဘာကိုလဲ"

"ပြောရမှာ အားနာတာနဲ့ တမင်မေ့ထားလိုက်ပြီလား ရန်နိုင်"

"မဟုတ်ရပါဘူး"

"ဒါဖြင့်ပြောလေ"

"စိတ်မဆိုးနဲ့ နော်"

"စိတ်ဆိုးချင် လာပြီ၊ ဒီလောက် စကားပလ္လင်ခံနေပုံထောက်ရင် ရန်နိုင့်အဖြေက သိပ်မကောင်းဘူး ထင်တယ်"

"မကောင်းတကောင်း အဖြေပါ"

"ဒါဖြင့် ပြော"

"ပန်းပွင့်ဟာ နောက်ဆုံးအချစ် ဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး"

"ဘာဖြစ်လို့ အဲဒီလိုဖြစ်ရတာလဲ"

"နေဦး၊ ရန်နိုင်မဖြေခင်၊ မမြနှင်းဝေကို ဖြတ်မေးပါရစေဦး"

မြ ရန်နိုင့်ကို အကဲခတ်လိုက်သည်။ ရန်နိုင့်မျက်နှာသည် ကြည်လင်နေသည်။ အကောက်ဉာဏ်ရှိသော ယောကျ်ား၏ မျက်နှာမျိုး မဟုတ်သည် က သေချာသည်။

"ဇင်သစ်အပေါ် မမြနှင်းဝေ ဘယ်လို သဘောထားသလဲ"

"ဟင်"

မြ တစ်ခါမှ မစဉ်းစားမိသော စကားပင်။

သို့သော်...မဆိုင်းမတွပင်...

"မြ ဇင်သစ်ကို အဖြေပေးလိုက်ကတည်းက ချစ်တယ်၊ အချိန်တန်ရင် လက်ထပ်မယ်ဆိုတဲ့ သဘောထားတစ်မျိုးတည်း ပဲ ရှိတယ်"

"အခိုင်အမာ ပြောဆိုခြင်းလား"

"အင်းပေ့ါ"

မြူက ခေါင်းညိတ်ဖြေရင်း ဘာဖြစ်လို့ မေးနေတာလဲဟူသော သဘောဖြင့် ရန်နိုင့်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက် မိသည် ။

တစ်ဆက်တည်းလိုလိုပင် မောဟိုက်လာမှုကြောင့် တန်ဆောင်းရှိ အုတ်ဘောင်လေးပေါ် ခေတ္တထိုင်ချလိုက်မိသည် ။

"သိပ်မောနေသလား"

နှုတ်မှ မဖြေနိုင်ပဲ ခေါင်းသာ ညိတ်ပြလိုက်သည် ။ ထိုအခါ ရန်နိုင့်ထံမှ အံ့သြဖွယ်ရာ အပြုအမူတစ်ခုကို တွေ့လိုက်ရသည် ။

ဂရုထားမျက်ဝန်းနှင့် မိမိအား သူ့အင်္ကျီ အိတ်ကပ်ထဲမှ ချွေးသုတ်ပဝါ ကမ်းပေးလိုက်ခြင်းပင်။

ထိုအခါကျမှ ချွေးသီးသီး ထနေသော မိမိသည် ချွေးသုတ်ရန် သတိရလိုက်သည် ။ သို့သော်…မယူ။

"အဲဒီအိတ်ထဲမှာ မြူ့လက်ကိုင်ပဝါ ပါပါတယ်"

"ဒါပဲ သုတ်လိုက်ပါ၊ သန့်ပါတယ်၊ ကျွန်တော် မသုံးရသေးဘူး"

ရန်နိုင့်အပြုအမူသည် မိမိလက်ကိုင်ပဝါအား ထုတ်ပေးမည့် ပုံမပေါ်သဖြင့် ရန်နိုင်ကမ်းပေးနေသော ပဝါဖြင့်ပင် ယူသုတ် လိုက်ရသည် ။

သုတ်ပြီး ပြန်ကမ်းပေးသောအခါ စောစောက ခေါက်ချိုးအတိုင်း ပြန်ခေါက်၍ သိမ်းဆည်းလိုက်သည် ။

"မမြူနှင်းဝေ သေသေချာချာ မှတ်ထားနော်"

"ဘာကိုလဲ"

"မမြူနှင်းဝေ မေးထားတဲ့ မေးခွန်းရဲ့ အဖြေလေ၊ မဆုံးသေးဘူး၊ ရန်နိုင်ဆက်ပြောမယ်"

သူ့ကိုယ်သူ တစ်ခါတစ်ရံ ရန်နိုင်ဟု သုံးစွဲသည် မှာ တစ်မျိုးစွဲဆောင်မှုရှိနေသည် ။ ဒါကြောင့် မိန်းကလေး တော်တော်များ များ ၏ ပါးစပ်ဖျားတွင် ရန်နိုင့်အမည်သည် တွဲခိုနေတတ်ခြင်း ဖြစ်သည် ။

"ပြောပါ"

"အချစ်စစ် အချစ်မှန်နဲ့ တွေ့သွားရင်တော့ မမြူနှင်းဝေ ညီမဟာ ကျွန်တော့်အချစ် ဒိုင်ယာရီမှာ တော့ စာတင်ကျန်ခဲ့မယ်၊ ဒါပေမဲ့ နှလုံးသားဒိုင်ယာရီမှာ တော့ ပျောက်ကွယ်သွားမှာ အမှန်ပဲ"

"နှလုံးသာမပါပဲ ဘာလို့ ပရိုပို့စ် လုပ်ရတာလဲရန်နိုင်၊ မိန်းကလေးတွေအပေါ် လှည့်စားရာ မရောက်ဘူးလား"

မြူစိတ်ထဲ ညီမကိုယ်စား ခံပြင်း၍ ခပ်မာမာလေးမေးလိုက်မိသည် ။

"ဒါကတော့ ချစ်စရာကောင်းလို့ ချစ်တယ်လို့ ပဲ ဖြေပါရစေတော့"

မြူရန်နိုင်နှင့် ဆက်၍ စကားမပြောချင်တော့။ ပြောလိုက်လျှင်လည်း မိမိသာ အရှုံးဖြစ်ပေမည်။ ချစ်သူရည်းစားများကာ ချစ်သက်တမ်းရင့်နေသော ရန်နိုင်ကို အရှုံးပေးလိုက်တော့သည် ။

မြူဘေးတွင် လိုက်ပါလာသော ရန်နိုင်သည် သူငယ်ချင်းကောင်း ပီသလေသည် ။

မြူ ချွေးသီးသီးကျလာလျှင် ချွေးသုတ်ပဝါထုတ်ပေးတတ်သလို၊ မြူ့လက်မှ ပန်းစည်းသည် လည်း မြသပိတ် လှေကား ထစ်၏ တစ်ဝက်၌ ရန်နိုင့်လက်ထဲ ပါသွားလေသည် ။

မြူ ဘုရားရှိခိုး..ပုတီးစိပ်ခြင်းကို စိတ်ရှည်လက်ရှည်ပင် ထိုင်စောင့်ပေးနေသည် ။

ဘုရားရှိခိုးပြီး ရင်ပြင်တော်တစ်ပတ် ပတ်ခါ ပြန်ဆင်းလာတော့ စိတ်ပုတီးနှင့် ပလပ်စတစ် ထမင်းဘူးလွတ်သာပါသော ကျွတ်ကျွတ်အိတ်ကို...

"ပေ့ါပေ့ါလေးပဲ မြူပဲကိုင်ခဲ့တော့မယ်"

"ဝန်အလေးချိန်ကြောင့် မဟုတ်ပေမဲ့ မြူ့လက်ထဲမှာ ရှုပ်နေမယ်၊ လှေကားအဆင်းဆိုတာ ခြေကုတ်မိဖို့ လဲလိုတယ်၊ ဒူး ချောင်တတ်တယ် မဟုတ်လား၊ ရန်နိုင်ပဲကိုင်မယ်"

"ရန်နိုင့်လက်ထဲ ရှုပ်နေမှာ ပေ့ါ၊ ရန်နိုင်မှာ လဲ ဝန်ပိုနေမယ်"

"မိန်းမထက် ယောကျ်ားက သက်လုံပိုကောင်းတယ်လေ၊ အေးအေးလူလူသာဆင်းပါ"

ခပ်သွက်သွက်လေး ဆင်းလာကြသည် ။

စကားမရှိ စကားရှာ၍ မြူက...

"မြူ ပုတီးစိပ်တာကြာတော့ ရန်နိုင်ပျင်းမှာ ပေ့ါ"

"ဟင့်အင်း...မပျင်းပါဘူး"

"ဘာဖြစ်လို့ လဲ" ဟု မြူထပ်ဆင့်မေးလိုက်မိခြင်းသည် မှားယွင်းသွားပေသည် ။ ရန်နိုင်အဖြေကြားလိုက်မှ မှားသွားမှန်း သလိုက်ခြင်းဖြစ်သည် ။

သို့သော် နှုတ်ကျွံ ပြင်မရနိုင်ချေ။

"မြူ ပုတီးစိပ်နေတာကို ထိုင်ကြည့်နေတာလေ၊ ပျင်းရိခြင်းတောင်

ပျောက်ဆုံးနေတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ ဘုရားရှိခိုးနေတဲ့ ကျက်သရေအလှဟာ မျက်စိပသာဒကို အေးမြစေလို့ ပဲ၊ ဘယ်အချိန်ကြည့်ကြည့် မရိုးနိုင်လို့ ထိုင်ကြည့်နေတာလေ၊ အချိန်ဘယ်လို ကုန်သွားမှန်းတောင် မသိလိုက်ဘူး"

ရင်တွင်း၌ ဘုရားတလိုက်မိသည် ။ သူစိမ်းယောက်ျားတစ်ဦး၏ စေ့စေ့ကြည့်ခြင်းကို နာရီဝက် ကျော်ကျော်မျှ မိမိခံလိုက် ရပါလား၊ ယခုမှ အနေကြပ်သလို ခံစားလိုက်ရသည် ။

"အပြန် ဇင်သစ်တို့ အိမ်ဘက်က လှည့်သွားရအောင်"

"ဘာဖြစ်လို့ လဲ"

"ဇင်သစ်ညီမလေးတွေဆီမှာ စံပယ်ကုံး ဝင်ယူမလို့ လေ"

"ဩော်"

ဇင်သစ်သွားပြီး ငါးရက်မြောက်နေ့အထိ ပန်းတော်ဆက်မှုတာဝန်ကို သူမပျက်ကွက်သေးပါချေ။

အဖိုးတန်ပစ္စည်းများကို ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်တတ်သော ရန်နိုင်သည် အသေးအမွှားတော့ ပန်းသီခြင်း အလုပ်ကိုပါ စိတ်ဝင်စားတတ်ကြောင်း ဇင်သစ်ညီမလေးထံ စံပယ်ပန်းဝင်ယူလိုက်တော့မှ သိလိုက်သည် ။

"ဟော....မမမြူပါ ပါတယ်"

"အေးလေ...ဘုရားသွားတာ"

"ဒါကြောင့် ဒီနေ့ ကိုကိုနိုင် နောက်ကျတာကိုး"

"ပန်းကော"

"ရှိတယ်၊ သွားယူလိုက်ဦးမယ်၊ ထိုင်ဦးလေ"

"မထိုင်တော့ဘူး" ဟူသောစကားကို သံပြိုင်လို ထွက်သွား၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်မိ သည် ။

"ရော့ ကိုကိုနိုင်"

ပလပ်စတစ်ဆန်ကာလေးတွင် ဖြူဖွေး လတ်ဆတ်နေသော စံပယ်ပွင့် ကားကားလေးများ သည် နှောင်ဖွဲ့မှု မခံရသေးပါ လား။

"ဟင်...မသီရသေးပါလား"

မိမိက တအံ့တသြ ပြောလိုက်သောအခါ ဇင်မာက...

"အင်းလေ...ကိုကိုနိုင်က သူကိုယ်တိုင်သီပြီးမှ မမကိုလာပေးနေကျပဲဟာ၊ ညီမသီမယ်ဆိုတာ မသီနဲ့ တဲ့ "

"ညည်းတို့ အလုပ်ရှုပ်မှာ စိုးလို့ ပြောတာ၊ ညည်းတို့ က အလုပ်နဲ့ လက် ပြတ်ကြတာ မဟုတ်ဘူး ၊ ကျုပ်က အားနေတဲ့ လူမို့ တာဝန်ယူလိုက်တာကွ"

ရန်နိုင့်ကို အံ့အားသင့်နေမိသည် မှာ အမှန်ပင်၊ အစကနဦးက ရန်နိုင့်ကို အပေါ်ယံကြည့်ပြီး...

"သူဌေးသား လူဘော်ကြော့ကိုများ ပန်းပွင့်ရယ်၊ နင်မို့လို့ စိတ်ကူးရဲတယ်" ဟု ကန့်ကွက်ခဲ့ဖူးသည် ။ ပေ့ါပေ့ါနေ၊ ပေ့ါပေ့ါ စားဟု ထင်မြင်ခဲ့သည် ။

သေသေချာချာ ပေါင်းကြည့်မှ မိမိ အထင်အမြင်တို့ သည် ပါစင်အောင် လွဲနေတော့သည် ။

"သွားမယ်"

ဇင်မာ့ကို ပြုံင်တူနှုတ်ဆက်မိသဖြင့် ပြုံးလျက် စက်ဘီးကိုယ်စီနင်းပြီး ထွက်လာခဲ့ရာ မိမိတို့ လမ်းထိပ်နား အရောက်တွင် ..

"အိမ်အထိ မပို့တော့ဘူး၊ မြူ အိမ်ရောက်ရင် ရေချိုးမယ် မဟုတ်လား"

"ရေချိုးပြီး ဆိုင်ထဲဆင်းလာချိန်လောက်တော့ ကျွန်တော် ရောက်လာမယ်"

"ဩော်...ရန်နိုင်ရယ်" ဟု စိတ်တွင်း၌ သာ ညည်းထွားလိုက်မိသည်။

အစစအရာရာ စေ့စပ် သေချာမှုရှိသော သူပါတကားဟု ကျေနပ်စွာ တွေးလိုက်မိပြီး ညီမပန်းပွင့်ဖြူအတွက် ဝမ်းသာ သွားမိသည်။

ရန်နိုင်လိုလူမျိုးကို ချစ်သူအဖြစ် လက်ခံထားသော ပန်းပွင့်ဖြူသည် မမှားပါဟု လည်း မြူ ယတိပြတ် ဆုံးဖြတ်ချက်ချ လိုက်မိသည်။

လမ်းခွဲထွက်သွားသော ရန်နိုင်နောက်ကျောကို တဒင်္ဂငေးကြည့်လိုက်မိပြီးမှ မိမိလမ်းဘက်သို့ ဦးတည်လိုက်မိသည်။

ရင်ထဲ လစ်ဟာသွားသည့် နှယ် ခံစားလိုက်ရသည်။

အဖော်နှင့် သွားလာနေပြီးမှ တစ်ဦးတည်း ခရီးဆက်ကျန်ရစ်ခြင်း၏ ခံစားမှုမျိုးထင်ပါသည်။

*****